တာဝန်ခံမှုရှိသော သုတေသနဆောင်ရွက်ခြင်းနှင့် သုတေသနကျင့်ဝတ်
ဆိုင်ရာသင်တန်း ဆွေးနွေးပွဲအခမ်းအနားတွင်
ပြည်ထောင်စုဝန်ကြီးဒေါက်တာမြင့်ထွေး ပြောကြားခဲ့သည့်
(အချက်အလက်များသိရှိရန် မိန့်ခွန်း ကောက်နုတ်ချက်မူကြမ်း)
(Draft)

ပြင်ဦးလွင်မြို့၊ ၈ပြီလ (၂၆)ရက်၊ ၂၀၁၉ ခုနှစ်

- ယနေ့အခမ်းအနားကို ကြွရောက်လာကြသော ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးကို အထူးကျေးဇူးတင်ပါကြောင်း၊
- ပညာရေးနှင့်ကျန်းမာရေးလုပ်ငန်းနယ်ပယ်မှ ပါမောက္ခချုပ်များ၊ ဝန်ထမ်းများသည် အချင်းချင်း ပူးပေါင်းဆောင်ရွက်ရန်နှင့် ညီရင်းအကိုကဲ့သို့ ရင်းနှီးစွာဆက်ဆံကြရန် အရေးကြီးပါကြောင်း၊
- ယခုကဲ့သို့သော သုတေသနဆိုင်ရာ သင်တန်းဆွေးနွေးပွဲသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှသာမက ကဏ္ဍစုံမှ ပါမောက္ခများ၊ ပညာရှင်များရှိသည့် ပညာရေးဝန်ကြီးဌာနမှ ဝန်ထမ်းများပါ ပါဝင်တက်ရောက်သဖြင့် ကောင်းမွန်ပါကြောင်း၊
- နိုင်ငံတစ်ခုလုံးအတိုင်းအတာဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်ရန်မှာ ကဏ္ဍစုံမှ ပညာရှင်များက သုတေသနများပြုလုပ်ခြင်းနှင့် သုတေသနရလဒ်များကို လက်တွေ့အသုံးချ ဆောင်ရွက်ခြင်းမှာ အထူးအရေးကြီးပါကြောင်း၊
- သုတေသနလုပ်ငန်းသည် ပညာရေးကဏ္ဍအတွက် ပိုမိုအရေးကြီးပြီး ပညာရေးဝန်ကြီးဌာနရှိ တက္ကသိုလ်များမှ ဆရာ/ ဆရာမများအကြားတွင် သုတေသနယဉ်ကျေးမှုနှင့် သုတေသနဆောင်ရွက်မှု ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဆိုပါက ကျွန်တော်တို့နိုင်ငံ၏ ဖွံ့ဖြိုးမှုအခြေအနေသည် လျင်မြန်စွာ တိုးတက်လာမည်ဖြစ်ပါကြောင်း၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာနမှ သုတေသနလုပ်ငန်းများ ဆောင်ရွက်နေသကဲ့သို့ ဝန်ကြီးဌာနရှိ ဦးစီးဌာနအားလုံးမှ

သုတေသနလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရန်အတွက် သီးသန့် ဘဏ္ဍာငွေများ ချထားပေးခဲ့ရာ (၂၀၁၇-၂၀၁၈) ခုနှစ် ဘဏ္ဍာနှစ်တွင် ကျပ်ငွေသန်း (၁၀၀၀) သတ်မှတ်ချထားပြီး၊ (၂၀၁၈) ခုနှစ် (၆)လ ဘဏ္ဍာနှစ်တွင် ကျပ်ငွေသန်း(၅၀၀)၊ (၂၀၁၈-၂၀၁၉)ခုနှစ် ဘဏ္ဍာနှစ်တွင် ကျပ်ငွေသန်း (၁၅၀၀) သတ်မှတ်ချထားပေးခဲ့ကာ၊ (၂၀၁၉-၂၀၂၀) ဘဏ္ဍာနှစ်တွင် ကျပ်ငွေသန်း (၃၀၀၀) ဘဏ္ဍာငွေများ ပိုမိုခွင့်ပြုချထားပေးသွားမည် ဖြစ်ပါကြောင်း၊ အလားတူစွာပဲ ပညာရေးဝန်ကြီးဌာနအနေဖြင့်လည်း ဘဏ္ဍာငွေများကို သတ်မှတ်လျာထားသင့်ပါကြောင်း၊

- ထိုကဲ့သို့ ဘဏ္ဍာငွေများ ချထားပေးခဲ့ရာ (၂၀၁၇-၂၀၁၈) ခုနှစ် သုတေသန (၂၆၃)ခု၊ (၂၀၁၈) ခုနှစ် (၆)လ ဘဏ္ဍာနှစ်တွင် သုတေသန (၂၁၅)ခု ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါကြောင်း၊
- နိုင်ငံတကာတွင် တက္ကသိုလ်များနှင့် ဆေးရုံကြီးများဆိုသည်မှာ သုတေသနပြုလုပ်ရာ အဓိကနေရာများဟုဆိုလိုပြီး သုတေသနနှင့် ခွဲခြား၍မရပါကြောင်း၊
- သုတေသနဆိုင်ရာကျင့်ဝတ်များ (Research ethics)၊ လုပ်ငန်းနည်းနာများ (Research method) စသည်အားလုံးကို ဆေးနှင့်ဆေးနှီးနွယ်တက္ကသိုလ်များအားလုံးမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများအားလုံးအနေဖြင့် သိရှိကျွမ်းဝင်မှု ရှိရမည်ဖြစ်ပါကြောင်း၊
- သုတေသနစိစစ်အကဲဖြတ်ရေးအဖွဲ့များ(Institutional Review Board)နှင့် (Ethical Review Committee) မှ အဖွဲ့ဝင်များ၏ စွမ်းဆောင်ရည်တိုးမြှင့်စေရေးကိုလည်း ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊
- သုတေသနလုပ်ငန်းတွေကို ဘာကြောင့်လုပ်စေချင်သလဲဆိုရင် ကျန်းမာရေးစောင့်ရှောက်မှုစနစ် (Health Care Delivery System) မှာပါတဲ့ စီမံခန့်ခွဲမှု၊ အုပ်ချုပ်မှု၊ ဆေးနှင့်ဆေးပစ္စည်း၊ နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှုတွေ ပိုမိုကောင်းမွန်လာမှာဖြစ်ကြောင်း၊ ထို့အပြင် epidemiological thinking, out of the box thinking, analytical thinking, critical thinking စတဲ့

စဉ်းစားတွေးခေါ် မျော်မြင်မှုများ ပိုမိုကောင်းမွန်လာပြီး ဆင့်ပွားအကျိုး ကျေးဇူးများစွာရရှိမည် ဖြစ်ပါကြောင်း၊

- သုတေသနလုပ်ငန်းများ အသုံးချဆောင်ရွက်ခြင်းဖြင့် အဖွဲ့အစည်း၊ ဌာနနှင့် နိုင်ငံအတွက်ပါ အထူးအကျိုးရှိစေရုံသာမက သုတေသနဆောင်ရွက်သူ တစ်ဦးချင်းအတွက်လည်း နောက်ဆုံးပေါ် ကျွမ်းကျင်မှုဆိုင်ရာ နည်းပညာ အချက်အလက်များ သိရှိနိုင်ခြင်း၊ သမားရိုးကျမှ ထိုးထွင်းဖောက်ထွက် တွေးခေါ်နိုင်ခြင်း၊ ရှုထောင့်မျိုးစုံမှ စဉ်းစားဖြေရှင်းနိုင်ခြင်း၊ ပညာရပ်ဆိုင်ရာ အတွေးအမြင်မြင့်မားခြင်း၊ ဆန်းစစ်သုံးသပ် တွေးခေါ်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများကိုပါ ရရှိစေမည်ဖြစ်ပါကြောင်း၊
- Research unit သည် university တိုင်းမှာ ရှိကိုရှိမှာဖြစ်ပြီး ကျင့်ဝတ် ဂုဏ်သိက္ခာမြင့်မားသော သုတေသနများဖြစ်စေရေး စောင့်ကြည့်ရေးအဖွဲ့ ဆေးသုတေသနဦးစီးဌာနမှာ office of research integrity တစ်ခုခုကို ထောင်ရန်နှင့် ရှိတဲ့သူတွေကို တာဝန်ပေးပြီး လုပ်စေချင်ပါကြောင်း၊
- တစ်နိုင်ငံလုံးမှာဆောင်ရွက်နေတဲ့ သုတေသနအားလုံးကို ကျင့်ဝတ်နှင့် အညီ ဆောင်ရွက်ခြင်း ရှိ/ မရှိ လေ့လာစောင့်ကြည့်ရမှာဖြစ်ကြောင်း၊ ယခုဆိုရင် ဆေးသုတေသနဦးစီးဌာနမှာ research registry မှာ topic ကဘာလဲ၊ objective ကဘာလဲ၊ principal investigator က ဘယ်သူ လဲဆိုတာ သိအောင်လုပ်ထားပါကြောင်း၊ research information system ကိုလည်း တည်ထောင်ထားပါကြောင်း၊
- ကျွန်တော်တို့သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးဖို့ (research promotion) ဆိုပြီး သုတေသနဆိုင်ရာနည်းလမ်း (research method) သင်တန်းများကို ဖွင့်လှစ်သင်ကြားလျက်ရှိရာမှာ research method တစ်ခုတည်း အရေးကြီး တာမဟုတ်ပါဘူး၊ Responsible Conduct of Research (RCR) အရေးကြီး သလို research management လည်းအရမ်းအရေးကြီးပါတယ်၊ ဌာန အကြီးအကဲတွေဖြစ်တဲ့ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်

ဆိုတာ research management အကြောင်းကို သေချာသိရမည်ဖြစ်ကြောင်း၊

- ကျွန်တော် WHO regional office မှာ (၁၆)နှစ်ကျော်လုပ်ခဲ့ပြီး (၅)နှစ်က regional adviser on research လုပ်ခဲ့ပါကြောင်း၊ research management module (၁၀)ခု လုပ်ပါတယ်၊ ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် အားလုံးသည် အကုန်သိရပါမယ်၊ အထူးသဖြင့် ပညာရေးဝန်ကြီးဌာနက ပါမောက္ခချုပ်တွေ၊ ပါမောက္ခ/ ဌာနမှူးတွေ အကုန်လုံးသိရပါမယ်၊ ဆိုလိုတာက ကျန်းမာရေးပဲဖြစ်ဖြစ်၊ ပညာရေးပဲဖြစ်ဖြစ်၊ အင်ဂျင်နီယာပဲဖြစ်ဖြစ် all the basic principles of research က အကုန်တူပါကြောင်း၊
- ဆေးသုတေသနဦးစီးဌာနအနေဖြင့် သုတေသနဆိုင်ရာ စီမံခန့်ခွဲမှု လေ့ကျင့်သင်ကြားရေးလမ်းညွှန် (health research management training module) နှင့် အခြားရေးဆွဲထားရှိသော လမ်းညွှန်စာအုပ်များကို ခေတ်နှင့်အညီ မိမိတို့နိုင်ငံရဲ့ အခြေအနေနဲ့ကိုက်ညီအောင် ပြုပြင်မွမ်းမံရေးဆွဲဆောင်ရွက်သွားစေလိုပါကြောင်း၊
- ထိုသို့ရေးဆွဲရာတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ scientific working group မှ ထုတ်ဝေထားသော သုတေသနဆိုင်ရာ လမ်းညွှန်စာအုပ်များကိုလည်း လေ့လာ၍ မိမိတို့နိုင်ငံ၏ အခြေအနေများနှင့် ကိုက်ညီအောင် ပြုစုထုတ်ဝေသွားရမည်ဖြစ်ပါကြောင်း၊
- ပထမတစ်ခုကတော့ Meeting of Scientific Working Group on Management of Health Research Information. နောက်တစ်ခုက Meeting of WHO scientific working group on the criteria setting for Health Research Policy. တတိယတစ်ခုက Scientific working group on formulation of national health research policy and strategy ရေးထားပါတယ်၊ Scientific working group on Management and co-ordination of Health Research activities in the country ဒီ

document တွေက ၁၉၉၄ ခုနှစ်က နေပြီးတော့ ၂၀၀၁ ခုနှစ်အထိ လုပ်ခဲ့ပါတယ်၊ နောက်တစ်ခုက issues in health policy research, strategy for effective promotion and application of research results in development, issues for management and coordination of health research in WHO South-east Asian research နဲ့ research prioritization ကျွန်တော်ရေးထားပါတယ်၊ epidemiologic methods used in policy analysis, meeting report on strategies for health research system development in SEAR ဒါကိုလည်း တက္ကသိုလ်တွေက သုံးလို့ရပါတယ်၊ နောက်တစ်ချက်က Health research policy formulation and implementation အများကြီးသုံးလို့ရပါကြောင်း၊

- နောက်တစ်ချက်က ကျန်းမာရေးဘက်မှာက လူနဲ့ပတ်သက်ပြီးတော့ ဆေးဝါးနဲ့ပတ်သက်ပြီးတော့ သုတေသနလုပ်ရပါတယ်၊ ပညာရေးဌာနဘက်မှာလည်းရှိပါတယ် လူနဲ့ပတ်သက်ပြီး သုတေသနတွေအများကြီးရှိပါတယ်၊ အဲဒီမှာလည်း အရေးကြီးတာဘာလဲဆိုတော့ ICH GCP guideline တွေ၊ (International Conference on Harmonization-GCP) ဒါတွေကိုလည်း workshop တစ်ခုလုပ်ရပါမယ်၊ နောက်တစ်ချက်က clinical trial နဲ့ပတ်သက်ပြီးတော့ workshop တစ်ခုကို training ပေးမည်ဖြစ်ကြောင်း၊
- နောက်တစ်ခုကတော့ workshop တစ်ခုမှာ training က ဘာပြဿနာရှိသလဲဆိုတော့ sampling technique and sample size calculation မှာ အများကြီး ပြဿနာတက်ပါကြောင်း၊ အဲဒါနဲ့ပတ်သက်ပြီးတော့ workshop တစ်ခုလုပ်ပေးရန်လိုကြောင်း၊ qualitative research အလွန်အရေးကြီးပြီး Qualitative research နဲ့ပတ်သက်တဲ့စာအုပ်တွေရှိပါကြောင်းနှင့် စာအုပ်ဆိုတာ ကောင်းသောငြားလည်း ဖတ်လိုက်ရင်နားလည်မှဖြစ်မည် ဖြစ်ပါကြောင်း၊
- ကျွန်တော့်အနေနဲ့ ဒုတိယတစ်ချက် တင်ပြချင်တာကတော့ National Health Research Policy ဆိုတာရှိပါတယ်၊ သို့သော်လည်း ကျွန်တော်အခု

သွားနေတာဘာလဲဆိုတော့ National Health Research Council or National Health Research Policy and strategy ဆိုတာရှိရန်လိုအပ်ကြောင်း၊ စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေးနဲ့ စီးပွားရေးဆိုင်ရာ ပညာရှင်များပါဝင်ရန် လိုအပ်ပါကြောင်း၊ overarching body အနေနဲ့ တစ်နိုင်ငံလုံးမှာလုပ်တဲ့ သုတေသနလုပ်ငန်းတွေနဲ့ပတ်သက်ပြီး အထွေထွေလမ်းညွှန်ချက်များပေးဖို့ ဖြစ်ပါကြောင်း၊ အဲဒါကို ပညာရေးဝန်ကြီးဌာနနဲ့ ပူးပေါင်းဆောင်ရွက်သွားဖို့ရှိကြောင်း၊

- National Health Research Policy မှာ အားလုံး (၁၄)ချက်ရှိပါတယ်၊ အဲဒီမှာနံပါတ် (၃)နဲ့ (၆)က ဒီ workshop မှာစပြီးလုပ်နေပါတယ်၊ နံပါတ် (၃)က ဘာလဲဆိုလို့ရှိရင် To promote ethical conduct of health research. နံပါတ်(၆)ကTo establish a well–functioning system of "Responsible conduct of Research" ဒီ workshop ဟာ တစ်ခုတည်း မဟုတ်ပါဘူး၊ အများကြီးလုပ်မှာဖြစ်ကြောင်း၊ နောက်ဆုံးနေ့မှာ focus group discussion လုပ်ပါ၊ ဒီ workshop ရဲ့ challenges, issue ကောင်းလား/ မကောင်းလား၊ လိုတာဘာလဲ၊ ဒါတွေကိုကြည့်ပြီးတော့ ဒုတိယ workshop မှာ ဒါတွေကိုကြည့်ပြီး ပိုကောင်းအောင်လုပ်ရပါမယ်၊ in terms of background paper ကအစ၊ time allocation က လောက်လား/ မလောက်လား အကုန်ပွင့်ပွင့်လင်းလင်း criticize လုပ်သော်လည်း positive perspective က လုပ်တာဖြစ်တဲ့အတွက် အဲဒါကိုလုပ်ပါ။
- ဒီမှာလုပ်တာက သင်တန်းအတွက် သင်လျော်ကောင်းမွန်တဲ့ ပတ်ဝန်းကျင် (Enabling environment) ဖြစ်လား၊ အဆင်ပြေရဲလားဆိုတာကို ဆန်းစစ်ရမှာဖြစ်ကြောင်း၊ ကျန်တာတွေကတော့ ကျွန်တော်တို့က National Health Research agenda တွေလုပ်ရပါမယ်၊ အလားတူစွာပဲ ပညာရေးဝန်ကြီးဌာနကနေပြီးတော့ National Education Research agenda လုပ်ဖို့လိုပါကြောင်း၊ workshop လုပ်ဖို့ method တွေလည်းရှိပါတယ်၊

- ပညာရေးဝန်ကြီးဘက်ကလည်း National Education Research Policy ကို ရေးမယ်ဆိုရင် ကျွန်တော်တို့ကျန်းမာရေးရဲ့ Policy ကို အခြေခံစဉ်းစားလို့ရပါကြောင်း၊ နောက်တစ်ခုက preventive research, promotive research, creative research, clinical research, rehabilitative research အဲဒါတွေကို များများလုပ်အောင် အားပေးရပါမယ်၊ ရန်ပုံငွေထောက်ပံ့ပေးရမှာဖြစ်ကြောင်း၊
- နောက်တစ်ချက်ကတော့ international development research centre, Canada ကနေထုတ်တဲ့ "health system research" Training Series စာအုပ်ရှိပါတယ်၊ အဲဒီမှာ ကျွန်တော်က နိုင်ငံခြားဆက်သွယ်ရေးဌာနမှာ လုပ်ပြီးချိန်မှာ health system research unit ရဲ့ chief လည်းဖြစ်ပါကြောင်း၊ အဲဒီမှာ India Pathmanathan နဲ့တွဲပြီး workshop လုပ်ပါကြောင်း၊ အဲဒီမှာစာအုပ်က(၅)အုပ်ရှိပါတယ်၊ အဲဒီစာအုပ်တွေကို internet မှာလည်း ရှာလို့ရပါတယ်။ အဲဒီမှာဆိုရင် volume 1 ကဘာလဲဆိုရင် promoting health system research as a management tool, volume 2 က Designing and conducting health systems research projects, volume 3 က strategies for involving, universities and research institute, volume 4 က Managing health system research, volume 5 က Training of trainer for health system research အဲဒီစာအုပ် (၅) အုပ်ကိုပြန်ရှာလိုက်ပါ၊ Nepal Health Research Council ကတော်တော်တော်ပါတယ်၊ research မှာ နီပေါနိုင်ငံက အရမ်းမြင့်ပါတယ်၊ နောက်ပြီး India Council of Medical Research (ICMR) ကလည်း အဆင့်အတန်းတော်တော်မြင့်ပါကြောင်း၊
- ဒီမှာကြည့်လိုက်တဲ့အခါမှာ ဒီ workshop တွေကို ဆေးသုတေသနဌာနတစ်ခုတည်း လုပ်လို့မရပါဘူး၊ နောက်ပိုင်း workshop တွေမှာ ပညာရေးဝန်ကြီးဌာနဘက်မှ ဆရာတွေလာပြီးတော့ lecture ပေးစေချင်ပါတယ်၊ ဒါမှသာလျှင် ကျွန်တော်တို့ one group ဖြစ်သွားပါမယ်၊ အလားတူစွာပဲ

ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှာ 3rd Degree ရတဲ့သူတွေ အများကြီးရှိပါတယ်၊ သူတို့ကိုလည်း ပါဝင်ပေးရပါမယ်၊ ဒါမှသာလျှင် ဒီ workshop တွေလုပ်တာဟာ ဆေးသုတေသနဌာန တစ်ခုတည်းမဟုတ်ဘဲ အခြားဦးစီးဌာနတွေနဲ့ ပညာရေးဝန်ကြီးဌာနအားလုံး သက်ဆိုင်ပါဝင်လာမှာဖြစ်ကြောင်း ဖြစ်နိုင်ရင် course module တွေ ပြုစုစေချင်ပါကြောင်း၊

- ကျန်းမာရေးမှာ health research registry ရှိပါတယ်၊ အဲဒီမှာရှိတဲ့ research တွေကို အမျိုးအစား (category) လုပ်ပြီး analyze လုပ်ရပါမယ်၊ ဥပမာ – subject က (၇)ခုရှိတယ်၊ နံပါတ် (၆)နဲ့ (၇)ခုကိုပဲ အကုန်လုံးက research လုပ်နေမယ် (၁)နဲ့ (၃)ကို ဘယ်သူမှမလုပ်ဘူး၊ ဒါတွေအကုန်သိလာမှာဖြစ်ကြောင်း၊ ဥပမာ nutrition မှာလုပ်တာ (၁၀၀)လောက်ရှိမယ်၊ child မှာလုပ်တာ (၅)ခု လောက်ပဲရှိပါမယ်၊ အဲဒါတွေ သိဖို့လိုပါကြောင်း
- ဆေးသုတေသနအနေဖြင့် လုပ်ရိုးလုပ်စဉ် research တွေကို မလုပ်စေချင်ပါဘူး၊ ဘယ်ဧရိယာကိုလုပ်ရမလဲဆိုတာကို research agenda ကို identify လုပ်ပြီး သွားရပါမယ်၊ ဘယ်ဟာလိုမျိုးကို သုတေသနလုပ်ဖို့ ဆရာတို့က indentified လုပ်ပေးပါ။ အဓိကကတော့ ကျွန်တော့်အနေနဲ့ performance of health care delivery system ကတစ်ပိုင်း၊ နောက်တစ်ပိုင်းကတော့ clinical research ကုသရေးထဲက research တွေကို ဝိုင်းစဉ်းစားပေးစေလိုပါကြောင်း၊
- Research is not just for the sake of conducting research. အရေးကြီးဆုံးကဘာလဲဆိုတော့ justification, ဒီ research လုပ်လို့ ဒီအချက်ကိုသိရင် ဘယ်လိုအကျိုးရှိမလဲ၊ ဒါကြောင့် proposal တွေကို အဆိုပြု တင်ပြတဲ့အခါမှာ justification ကို သေချာကြည့်စေချင်ပါကြောင်း၊ justification ကောင်းရင် funding ထောက်ပံ့ပေးရမည်ဖြစ်ကြောင်း၊
- Problem solving research, challenges identification research, intervention research, ရောဂါတစ်ခုကို ကျအောင်လုပ်မယ်ဆိုလို့ရှိရင်

intervention A ကိုသုံးမလား၊ B ကိုသုံးမလား၊ B နဲ့ C ပေါင်းထားတာကိုသုံးမလား အဲဒါတွေ သုတေသနလုပ်ပေးစေလိုပါကြောင်း၊

- ပညာရေးမှာ research တွေလုပ်တာ အများကြီးရှိပြီး ရာထောင်ချီရှိပါကြောင်း၊ သို့သော်လည်း အရေးကြီးတာက အဆိုပါ သုတေသနများမှ တွေ့ရှိချက်များကို ဘယ်လိုအသုံးပြုသလဲ၊ ဘယ်လောက်အသုံးပြုပြီး၊ ဘာတွေကို တိုးတက်အောင် အကျိုးပြုသလဲဆိုတာကို ပိုအရေးကြီးပါကြောင်း၊ နှစ်စဉ်နှစ်စဉ် ဆေးသုတေသနဦးစီးဌာနမှာ သုတေသနကို အကြီးအကျယ်လုပ်ပါတယ်၊ အရမ်းကောင်းပါတယ်၊ အဆင့်အတန်းလည်း တော်တော်မြင့်ပါတယ်၊ ဆေးသုတေသဦးစီးဌာနမှ ထုတ်တဲ့ research paper တွေက အရမ်းမြင့်ပါတယ်၊ သို့သော်အဲဒီထဲကဟာကို ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကုသရေးဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနတို့က ဘယ်လောက်ထိသုံးသလဲ၊ အဲဒါအရမ်းအရေးကြီးပါကြောင်း၊ ကျွန်တော်တို့နိုင်ငံဟာ ပိုက်ဆံချမ်းသာတဲ့နိုင်ငံမဟုတ်ပေမယ့် ပိုက်ဆံ (၁၀၀၀)ထည့်ရင် (၁၀၀၀)မရရင်တောင် (၁၀၀) ဖိုးလောက်တော့ ပြန်ရအောင်လုပ်ရပါမယ်၊ အဓိကဘာလဲဆိုတော့ utilization ဘယ်သူတွေသည် ဘာကိုသုံးသလဲ၊ စာအုပ်ပေါ်မှာဘဲရှိပြီး ဘာမှမသုံးရင် ဘာမှအကျိုးရှိမရှိပါဘူး၊ ဘယ်ဟာတွေကိုတော့ သုံးသင့်သလဲဆိုတာ ပြန်ကြည့်ရပါမယ်၊ မသုံးဘူးဆိုရင် လုပ်စရာမလိုပါဘူး၊ research တစ်ယောက်ပဲအကျိုးရှိပြီး နိုင်ငံအတွက်အကျိုးမရှိပါဘူး။ ဒါတွေကိုလည်းအကုန်လုံး ပြန်သုံးသပ်စေချင်ပါတယ်၊ ဒါတွေကိုသိတော့မှ ဆေးသုတေသနရဲ့ line of direction က ပြောင်းသင့်ရင်ပြောင်းမယ်၊ modified လုပ်သင့်ရင်လုပ်မယ် ဒီလိုလုပ်တဲ့အခါမှာလဲ ပင်စင်ယူသွားတဲ့ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်တွေ ထိုင်နေပါတယ်၊ ဆရာတို့ရဲ့ input ကလည်း အရမ်းအရေးကြီးပါကြောင်း၊

- ယခု သင်တန်းဆွေးနွေးပွဲသည် အမျိုးသား ကျန်းမာရေးသုတေသနမူဝါဒ တွင်ပါဝင်သော အချက်များဖြစ်သည့် “တက္ကသိုလ်များနှင့် ဌာနများတွင် ခိုင်မာအားကောင်း စနစ်ကျသော သုတေသနစိစစ်ရွေးချယ်ရေးအဖွဲ့များ ပေါ်ပေါက်လာရာမှ တစ်ဆင့် ကျင့်ဝတ်နှင့်ကိုက်ညီသော ကျန်းမာရေး သုတေသနများ မြှင့်တင်အားပေးရေး”နှင့် “တက္ကသိုလ်များနှင့် သုတေသန ဌာနများတွင် တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော သုတေသနများ ဆောင်ရွက် သည့် စနစ်ဖြစ်ထွန်းရေး” တို့နှင့် ကိုက်ညီဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊
- ဒါတွေအားလုံးလုပ်တဲ့အခါ we have to consider in the context of Myanmar situation. ဆေးသုတေသနဦးစီးဌာနကလူတွေ USA standard ကိုသွားပြီးတော့ လုပ်လို့ရပါကြောင်း ဒါပေမယ့် Myanmar context, Myanmar scenario အဲဒါကိုစဉ်းစားပြီး ကျွန်တော်လုပ်စေချင်ပါတယ်၊ research အနေနဲ့ကတော့ clinical research, treatment research အကုန်လုပ်ချင်ပါတယ်၊ နောက်တစ်ခုက research of teaching method တွေ၊ research of nosocomial infection, research of AMR, antimicrobial resistant, hospital logistic system improvement, အဲဒါတွေကို လုပ်ပေးစေချင်ပါကြောင်း၊
- တိုင်းဒေသကြီး/ ပြည်နယ်ဆေးရုံ ခုတင် (၁၀၀) (၂၀၀) မှာ time and motion study လုပ်ပေးပါ၊ လူတစ်ယောက်ကလာတယ် ဘယ်နှစ်နာရီကျမှ ဆရာဝန်နဲ့တွေ့ရသလဲ၊ ဓါတ်မှန်ရိုက်ဖို့ ဘယ်လောက်စောင့်ရသလဲ၊ ဓာတ်ခွဲ စစ်ဆေးဖို့ ဘယ်လောက်စောင့်ရသလဲ၊ ဓါတ်မှန်ရိုက်ဖို့ ဘယ်လောက်ကြာ လဲ၊ ဘယ်လောက်သွားရသလဲ၊ ဒါတွေကို အရင်ကလည်း study လုပ်ဖူးရင် လုပ်ထားတဲ့အဖြေတွေကို ပြန်ပြီးတော့ review လုပ်ပေးစေချင်ပါကြောင်း၊
- အထူးသဖြင့် CWH ရန်ကုန်ဆေးရုံကြီး၊ မန္တလေးဆေးရုံကြီး၊ မြောက် ဥက္ကလာပဆေးရုံကြီး၊ အင်းစိန်ဆေးရုံကြီးတို့မှာ logistic system အရမ်း အရေးကြီးပါတယ်၊ အဲဒါလေးကိုလည်း သုတေသနလေးလုပ်ပေးပါ၊ future research agenda အတွက်ကို workshop တစ်ခုလုပ်ပေးပါ၊ နောက်တစ်ခု

က meeting တစ်ခုလုပ်ပေးပါ၊ နောက်တစ်ခုက IRB, ERC ကို capacity building လုပ်တော့မယ်၊ မလုပ်ခင် ဘယ်လိုလုပ်ရမလဲဆိုတာ ဆရာတို့လည်း ဆွေးနွေးပြီးပြီလို့ထင်ပါကြောင်း၊

- အဲဒီနေရာကိုလည်း ပညာရေးဝန်ကြီးဌာနဘက်က လူတွေကိုဖိတ်ပါမယ်၊ capacity building for members or IRB ကျွန်တော်တို့ဒီမှာ အင်အားကောင်းတာကတော့ DMR နဲ့ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်က တော်တော်တောင့်ပါတယ်၊ ကျန်တဲ့ တက္ကသိုလ်တွေမှာရှိသော်လည်း တစ်ချို့က အားနည်းပါတယ်၊ ဒီ member တွေအကုန်လုံးကို capacity building လုပ်မည်ဖြစ်ကြောင်း၊
- နောက်တစ်ချက်အနေနဲ့ကတော့ ပညာရေးဝန်ကြီးကို တင်ပြချင်တာကတော့ သက်ဆိုင်ရာတက္ကသိုလ်တွေမှာ SOP guideline တွေကို ကိုယ့်ဟာကို ထုတ်ရပါမယ်၊ Responsible Conduct of Research ကိုဘယ်ကနေပြီး မှီငြမ်းရမလဲဆိုရင် အမေရိကန်နိုင်ငံမှာရှိတဲ့ office of research integrity ကထုတ်တဲ့စာအုပ်ဖြစ်ပါတယ်၊ ကျွန်တော်တို့က စာအုပ်ကြီးအတိုင်း ကူးချစရာမလိုတော့ပါဘူး၊ အဲဒီအထဲက ကောင်းတာကို ယူပါမယ်၊ ထပ်ထည့်ပါမယ်၊
- နောက်တစ်ချက်က research resource flow analysis လုပ်ပေးပါ၊ ပိုက်ဆံရရင် ဒီပိုက်ဆံဟာ ဘယ် unit ကို ဘယ်လောက်သွားသလဲ၊ အဲဒါကိုလည်း ကြည့်စေချင်ပါကြောင်း၊ ဥပမာထားပါတော့ ဆေးသုတေသနဦးစီးဌာနကို ပိုက်ဆံ (၁)သိန်းပေးလိုက်တယ်၊ ဆေးသုတေသနဦးစီးဌာနမှာ ဌာနက(၆)ခုရှိတယ် တစ်ချို့ဌာနက (၁၀၀၀)ပဲရပြီး တစ်ချို့ဌာနက (၇၀၀၀၀) လောက်ရသွားတဲ့ဟာရှိတယ်၊ (၇၀၀၀၀)ရသင့်ရင်တော့ ပေးမယ် (၁၀၀၀) ရသင့်ရင်တော့ (၁၀၀၀) ပေးမယ်။ အဲဒါတွေကိုပြန်ပြီးတော့ လေ့လာသုံးသပ်စေလိုပါကြောင်း၊
- နောက်တစ်ခုက ပညာရေးဝန်ကြီးကို တင်ပြချင်တာကတော့ ကျွန်တော်တို့မှာ DMR ရယ်၊ တက္ကသိုလ် (၁၆)ခုရှိပါတယ်၊ သူတို့မှာ MOU (၇၅)ခုနဲ့

နိုင်ငံခြားတက္ကသိုလ်တွေနဲ့ တွဲပြီးလုပ်နေတာအများကြီးပါ၊ အဲဒီဟာတွေက အများကြီး အကျိုးရှိပါတယ်။ နိုင်ငံခြားတက္ကသိုလ်တွေက ပါမောက္ခတွေ လာတယ်၊ တွဲပြီး research လုပ်တယ်၊ workshop လုပ်တယ်၊ အဲဒါမျိုး ပညာရေးဝန်ကြီးဌာနမှာလည်း အများကြီးလုပ်လို့ရပါတယ်။ ကျွန်တော်တို့ လုပ်နေတာကို ဆရာတို့ကိုချပြမယ်၊ ဖြစ်နိုင်လို့ဆိုရင်တော့ ဆေးသုတေသနဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်တွေခေါ်ပြီးတော့ ကျွန်တော်တို့ ဘာလုပ်နေတယ်ဆိုတာကိုပြလိုက်ရင် ဆရာတို့ အများကြီးမြင်သွားမှာဖြစ်ကြောင်း၊

- နောက်တစ်ချက်က ပြင်ဦးလွင် DMR ရဲ့ library ကိုတော့ အထူးကောင်းမွန်ပြည့်စုံအောင်လုပ်ပေးပါမယ်။ ဒါကြီးဟာ ကျွန်တော်တို့ research and research related subject အကုန်လုံးရဲ့ training center ဖြစ်အောင် ကျွန်တော်တို့ လုပ်မည်ဖြစ်ကြောင်း၊
- နောက်တစ်ခုက ဆေးသုတေသနဦးစီးဌာနမှာ ဗီဒီယိုအခန်းတစ်ခန်းလုပ်ရပါမယ်၊ ဘာကိုလုပ်ရမလဲဆိုတော့ အမေရိကမှာရှိတဲ့ Center for Disease Control (CDC), www.cdc.gov အဲဒီမှာ Public Health Grand Round ဆိုတာရှိပါတယ်၊ တစ်လတစ်ခါသူတို့က လုပ်ပါတယ်၊ အမေရိကမှာရှိတဲ့ ထိပ်တန်းတက္ကသိုလ်က ပါမောက္ခတွေ၊ ပညာရှင်တွေက ခေါင်းစဉ်တစ်ခုကို (၄)ယောက်ပြောတယ်၊ ပြောပြီးရင် အောက်ကဆွေးနွေးပါတယ်၊ ပြန်မေးတယ်၊ အဲဒါမျိုးကို ရုံးအမှတ် (၄၇)မှာလုပ်ဖို့ရှိပါတယ်၊ သူတို့ meeting seminar ကို conduct လုပ်ပုံလုပ်နည်း၊ presentation လုပ်ပုံလုပ်နည်း၊ အောက်ကလူကဆွေးနွေးတာကို ဘယ်လိုပြန်ဖြေလဲ၊ အဲဒါတစ်လတစ်ခါ လုပ်ပါတယ်၊ အဲဒီ www.cdc.gov ကိုဝင်ပြီး subscribe လုပ်လိုက်လို့ရှိရင် automatic ဆရာဆီကို email ဝင်ပါမယ်။ လာမည့်ဘယ်လမှာတော့ ဒီ subject ကို ဒီလူတွေကပြောမယ်၊ အကယ်၍ဆရာမကြည့်နိုင်ရင် အဲဒီ website ကိုဝင်ပါက အရင်တုန်းကလုပ်ထားတဲ့ videos click တွေရှိတယ်၊ power point တွေရှိပါတယ်၊ အရမ်းကောင်းပါတယ်၊ ကျွန်တော်တို့က

ဘယ်လို research လုပ်ရမလဲ၊ ဘယ်လို discuss လုပ်ရမလဲ၊ topic တစ်ခုကို ဘယ်လိုတင်ပြရမလဲ၊ ဒါတွေသိသွားပါမယ်၊ အဲဒါကိုလည်း ကျွန်တော် လုပ်စေချင်ပါကြောင်း၊

- ထို့အပြင် အမျိုးသားအဆင့် ဦးစားပေး ကျန်းမာရေး ပြဿနာများအတွက် ကျန်းမာရေးအဆင့်မြှင့်တင်ရေး၊ ကာကွယ်ရေး၊ ကုသရေး၊ ပြန်လည် ထူထောင်ပြုစုရေး၊ ဝေဒနာလျော့ပါးစေရန် စောင့်ရှောက်ရေးနှင့်ပတ်သက်သည့် အမျိုးသားအဆင့် သုတေသနများဆောင်ရွက်ရန် နည်းလမ်းများ အားပေးမြှင့်တင်ရေးဟူသည့် မူဝါဒနှင့်အညီ အမျိုးသားအဆင့် သုတေသနကောင်စီ(national research council)၊ အမျိုးသားအဆင့် သုတေသန မူဝါဒနှင့် မဟာဗျူဟာများ ပေါ်ပေါက်လာရေးအတွက်လည်း ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊
- ကျန်းမာရေးစောင့်ရှောက်မှု စနစ်ကြီးတစ်ခုလုံး ပိုမိုတိုးတက်ကောင်းမွန်စေရေးအတွက် စီမံခန့်ခွဲမှု၊ ကျွမ်းကျင်မှုပိုင်းဆိုင်ရာနည်းပညာ၊ ဆေးနှင့် ဆေးပစ္စည်းဝယ်ယူဖြန့်ဖြူးမှု၊ ဆေးရုံများတွင် လူနာများ ဆေးကုသမှုခံယူရန်အတွက် သက်တောင့်သက်သာ ချောမွေ့မှု၊ သင်ကြားသင်ယူမှုစနစ်၊ ကျန်းမာရေးစီမံချက်များ၏ အကျိုးရှိထိရောက်မှု စသည့်တို့နှင့်ပတ်သက်သော အကျိုးရှိထိရောက်မည့် အသုံးချသုတေသန လုပ်ငန်းများကိုလည်း ပိုမိုဆောင်ရွက်သွားစေလိုပါကြောင်း၊
- ယခုသင်တန်းဆွေးနွေးပွဲတွင် တက်ရောက်ခဲ့သူများ၊ သင်ကြားသူများထံမှ ဆွေးနွေးအကြံပြုချက်များရယူ၍ နောင်ဆက်လက်ဆောင်ရွက်သွားမည့် သုတေသနဆိုင်ရာသင်တန်းများကို ပိုမိုကောင်းမွန်စေရေး ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ နောင်သင်တန်းများ ဆောင်ရွက်ရာတွင်လည်း ပညာရေးဝန်ကြီးဌာနမှ ပညာရှင်ကြီးများအနေဖြင့် သင်ကြားသူများအဖြစ် ပါဝင်ပေးခြင်းအားဖြင့် ပိုမိုကောင်းမွန် ထိရောက်မည်ဖြစ်ပါကြောင်း၊
- ဝန်ကြီးဌာနအနေဖြင့် ဆေးသုတေသနညီလာခံကြီးကို နှစ်စဉ်ကျင်းပလျက်ရှိပြီး ညီလာခံတွင်ပါဝင်သည့် သုတေသနစာတမ်းများသည် အရည်အသွေး

ကောင်းမွန်ပါကြောင်း၊ ဆေးသုတေသနဦးစီးဌာနနှင့် ဦးစီးဌာနများ ချိတ်ဆက်ပေါင်းစပ်၍ အဆိုပါသုတေသနများမှ တွေ့ရှိချက်များ၊ ရလဒ်များကို လက်တွေ့လုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးချဆောင်ရွက်သွားမှသာ အကျိုးရှိမည်ဖြစ်ပါကြောင်း၊

- ကျွန်တော့်အနေနဲ့ နိဂုံးချုပ်ပြောချင်တာကတော့ ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန တို့သည် အပြန်အလှန် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်မှု အားကောင်းစွာဖြင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်သွားရန်ဖြစ်ပါကြောင်း၊
- ဆေးသုတေသနဦးစီးဌာန(ပြင်ဦးလွင်ရုံးခွဲ)တွင် သုတေသနဆိုင်ရာ သင်ကြားလေ့ကျင့်မှုဌာနကြီးအဖြစ် ပေါ်ပေါက်လာရေးကိုလည်း ဆက်လက်ဆောင်ရွက်သွားရန်ဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။